ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကြေညာချက်အမှတ် (၉/၂၀၂၀)

သောက်ရေသန့်လုပ်ငန်းများ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

(၁) (၃၁-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်သော ညွှန်ကြားချက် (၄/၂၀၂၀) အရ သက်တမ်းလွန်ဒဏ်ကြေးအား ပေးဆောင်ရမည်ဖြစ်၍ သောက်ရေသန့်ထုတ်လုပ်ခြင်းထောက်ခံချက် သက်တမ်းတိုးရန်နောက်ကျသည့် လုပ်ငန်းများအနေဖြင့် နေပြည်တော်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် သက်တမ်းလွန်နောက်ကျဒဏ်ကြေးငွေ ပေးသွင်းပြီးမှသာ သက်တမ်းတိုးလျှောက်ထားမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။

(၂) သက်တမ်းပြတ်လပ်ခြင်းသည် သက်တမ်း (၁) ကြိမ် (သက်တမ်း (၂) နှစ်) ထက် ကျော်လွန်ခြင်းမရှိစေရန်နှင့် ၎င်းကဲ့သို့ ကျော်လွန်ပါက ထောက်ခံချက်ရရှိထားပြီးသော စာရင်းမှ ပယ်ဖျက်မည်။

(၃) သက်တမ်း (၁) ကြိမ် (သက်တမ်း (၂) နှစ်) ထက် ကျော်လွန်ပြီး လျှောက်ထားပါက သက်တမ်းတိုး စိစစ်ဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ဘဲ လုပ်ငန်းသစ်အနေဖြင့်သာ ပြန်လည်လျှောက်ထားရမည်။ ယင်းကဲ့သို့ လျှောက်ထားရာတွင် ထောက်ခံချက်ရရှိထားသော မူလထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် ကုန်အမှတ်တံဆိပ်ဖြင့်သာ လျှောက်ထားရယူလိုပါက သတ်မှတ်ထားသော သက်တမ်းလွန်ဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဒေါက်တာအေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာအမှတ်၊ အစဆ/(စီမံ)/၂၀၂၀/၁၃၃၇

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ( ၇ ) ရက်

C3-8/Ddta D/Food-2020/ Directive Letter/Watter

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး(စီမံ)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၄။ ညွှန်ကြားရေးမှူး(အစားအသောက်)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၅။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်/ မန္တလေး)၊

၆။ တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊

------------------ တိုင်းဒေသကြီး/ ပြည်နယ်၊------------- မြို့၊

၇။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ကြော်ငြာသင်ပုန်းများ၊

မိတ္တူကို-

၁။ ရုံးလက်ခံ၊

၂။ မျှောစာတွဲ။